**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့) (၂၈. ၃. ၂၀၁၈) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့ထားသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ စိစစ်သုံးသပ် တင်ပြ ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) (၂၆. ၃. ၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့ လာသဖြင့် နည်းဥပဒေ ၆၅နှင့်အညီ (၂၅. ၃. ၂၀၁၈)ရက်နေ့ ကော်မတီအစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကောမတီဝင်များနှင့် ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံးတို့မှ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၆. ၃. ၂၀၁၈)ရက်(ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၈)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ကဏ္ဍကြီး(၃)ခု၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်စျေး နှုန်းအရ ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန်လျာထားပါတယ်။

လယ်ယာကဏ္ဍ ၂. ၃ ရာခိုင်နှုန်း၊ သားငါးကဏ္ဍ၄. ၇ ရာခိုင်နှုန်း၊ သစ်တောနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ ၂.၇ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ ၇.၉ ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အားကဏ္ဍ ၅. ၂ ရာခိုင်နှုန်း၊ ဆောက်လုပ်မှု ကဏ္ဍ ၃.၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေး ကဏ္ဍ ၈.၆ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ ၉. ၂ရာခိုင်နှုန်း ငွေရေးကြေးရေးကဏ္ဍ ၁၁. ၁ရာခိုင်နှုန်း၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ ၃. ၄ရာခိုင်နှုန်း၊ ငှာရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၁၁. ၇ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ ၇.၉ရာခိုင်နှုန်း တိုးတက်ရန် လျာထားပြီး သစ်တောကဏ္ဍ ၆၂. ၈ လျော့နည်းရန် လျာထားပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသအလိုက် ပုံမှန်ဈေးနှုန်းများအရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ၂၄. ၉ ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄. ၁ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ၂. ၁ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ၄. ၉ ရာခိုင်နှုန်း၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်လျာထားပါတယ်။

လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက် ဈေးနှုန်းအရ ၃၇. ၁ရာခိုင်နှုန်း မှ ၃၅. ၇ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၇. ၉ရာခိုင်နှုန်းမှ ၁၈. ၂ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၅. ဝရာခိုင်နှုန်းမှ ၄၆. ၁ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ရန် လျာထားပါတယ်။

ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂.၅ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅. ၁ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၇ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် လျာထားပါတယ်။

နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပြောင်းလဲမှုနှုန်းကို ၆. ၁ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပြောင်းလဲမှုနှုန်းကို ၁၁.၆ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပြောင်းလဲမှုနှုန်းကို ၁၃. ၀ရာခိုင်နှုန်းအသီးသီး ဖြစ်ပေါ်ရန် လျာထားပါသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၇၁,၁၁၄. ၆၀၃ သန်း (ကျပ် ၇၁. ၁၁၄ ဘီလီယံ ) ရင်းနှီးမြှုပ်နှံရန် လျာထားပါသည်။

## အကြံပြုချက်

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု နိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားစေရေး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပံ့ပိုးကူညီရန်၊ စီးပွားရေး လုပ်ငန်းများကို လွပ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည် ဖော်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)ဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း အစီရင်ခံစာတင်ပြအပ်ပါတယ် ခင်ဗျား။

## ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလထိ ၆ လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်း ခဲ့သော ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီး အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက လွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုလိုက်ရပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် န၀မပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်အတူ နောက်ဆက်တွဲ ၁၊ ၂၊ ၃ တို့အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် န၀မပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)ကို အတည်ပြုရန် လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။